# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၁)ရက်မြောက်နေ့အစီအစဉ်

## ၂၄-၈-၂၀၂၆ (တနင်္လာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်သမ္မတကြီး၏ ပြည်ပချစ်ကြည်ရေး ခရီးစဉ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအား အပြည့်အဝထောက်ခံကြောင်း"** အရေးကြီးအဆိုတင်သွင်းခြင်းနှင့် အောက်ပါတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၈)ဦးမှ ထောက်ခံဆွေးနွေးခြင်း-

(က) ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ခ) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဂ) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဃ) ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(င) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(စ) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(ဆ) ဒေါ်ဆန်းစစ်ရှီး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(ဇ) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

၆။ ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသည့် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့နယ်၊ ငေါက်စားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ အသစ်ဆောက်လုပ်ပြီးစီးထားသော နှစ်ထပ်စာသင်ဆောင်၏ မြေညီထပ်ကြမ်းခင်းအား ကွန်ကရစ်ခင်းနိုင်ရေးအတွက် လိုအပ်သော ဘိလပ်မြေအိတ် (၂၀၀)ကိုထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ယင်းမာပင်မြို့နယ်၊ အောင်ဇေယျမြို့သစ်၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ လမ်းမီးတိုင်များနှင့် အလှဆင်မီးများ တပ်ဆင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးကျော်လွင်ဦး၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကသာမြို့၊ သူဌေးကုန်းရပ်ကွက် အမှတ်(၁)၊ အခြေခံပညာမူလတန်းကျောင်းရှိ ကွံကော်ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၉၀ပေ×၃၀ပေ×၂၂ပေ) RC (၂)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးဝ-ကလေးမြို့ ကားလမ်းပေါ်ရှိ သံဘောင်ဘေလီတံတားအစင်း(၂၀)အား အထူးကိစ္စတစ်ရပ်အနေဖြင့် သံကူကွန်ကရစ် တံတားများအဖြစ် ပြောင်းလဲတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "ကလေးဝမြို့နယ် ကိုင်းအုပ်စု၊ ကိုင်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၈။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။